


# မြို့တော်ဝန်ရှာဖွေခြင်း

နောက်တက်မည့် မြို့တော်ဝန်ကို ရွေးချယ်ခြင်းသည် အော်စတင်မြို့ကောင်စီမှ ချမှတ်မည့် အရေးကြီးဆုံး ဆုံးဖြတ်ချက်ဖြစ်သည်။ နောက်ဆုံးဆုံးဖြတ်ချက်ရရှိရန် အစပျိုးသည့် လုပ်ငန်းစဉ်ကို သင်နှင့် စတင်လိုက်ပြီး ထိုမှတဆင့် သင့်လူ့အဖွဲ့အစည်း၊ နောက် အော်စတင်တစ်မြို့လုံး၊ ထို့နောက် တစ်နိုင်ငံလုံးအထိ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့သွားနိုင်သည်။

၂၀၁၇၊ ဧပြီလတွင် ရွေးချယ်ရေးဆိုင်ရာ စံသတ်မှတ်ချက်များ အပါအဝင် ကောင်စီသို့ အကြံပြုချက်များ တင်သွင်းရန်အတွက် Russell Reynolds Associates နှင့် လက်တွဲလုပ်ကိုင်ရန် မြို့တော်ဝန်ရှာဖွေရေးဆိုင်ရာ အထူးအကြံပေးလုပ်ငန်းအဖွဲ့ ခန့်အပ်မည်ဆိုသည့် ဆုံးဖြတ်ချက်တစ်ခုကို မြို့တော်ကောင်စီက အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ အထူးလုပ်ငန်းအဖွဲ့သည် မြို့တော်ဝန်သစ် ရွေးချယ်ရန် မြို့တော်ကောင်စီမှ အကျိုးရှိရှိ အသုံးချမည့် အဆင့် ၃ ဆင့် လုပ်ငန်းစဉ်၏ ပထမအဆင့်ကို ဆောင်ရွက်ရန် တာဝန်ရှိသည်။ ပထမအဆင့်တွင် အထူးလုပ်ငန်းတပ်ဖွဲ့က လူထုထံမှ လိုလားချက်များကို လွှပ်လပ်စွာ ရယူပြီး ၄င်းလိုလားချက်များကို အခြေခံ၍ မြို့တော်ကောင်စီသို့ အကြံပြုချက်များ တင်သွင်းမည်ဖြစ်သည်။ ဒုတိယအဆင့်တွင် မြို့တော်၏ လက်ရွေးစင်လူရွေးကုမ္ပဏီဖြစ်သည့် Russell Reynolds Associates က မြို့တော်ဝန်အဖြစ် ရွေးချယ်ဆုံးဖြတ်ရန်အတွက် အရည်အချင်းပြည့်မီသော မြို့တော်ဝန်လောင်းများ ရရှိရန် အထူးလုပ်ငန်းအဖွဲ့၏ အကြံပြုချက်များကို သုံးထားသော လူရွေးချယ်ရေး လက်ကမ်းစာစောင်များကို ပံ့ပိုးပေးမည်ဖြစ်သည်။ နောက်ဆုံးအဆင့်တွင် အော်စတင်မြို့တော်ကောင်စီက စဉ်းစားချင့်ချိန် ဆွေးနွေးပြီး မြို့တော်ဝန်အသစ်ကို ရွေးချယ်မည်ဖြစ်သည်။ အထူးလုပ်ငန်းအဖွဲ့က လူထုကိုကတိပေးထားသည့်အလုပ်များကို ကျေပွန်အောင်ဆောင်ရွက်ကြောင်း သေချာစေရန် ဇူလိုင်လ ၈ ရက်နေ့နောက်ဆုံးထားပြီး သင့်ရဲ့ အကြံပြုချက်ကို လိုအပ်ပါသည်။ နောက်တက်မည့် မြို့တော်ဝန်နှင့်ပတ်သတ်သည့် အကြံပြုချက်အမြင်များ တိုးတက်များပြားလာစေရန် လူရွေးချယ်သူများအသုံးပြုမည့် အကဲဖြတ်မေးခွန်းများကို austintexas.gov/page/city-manager-search သို့ သွားရောက်ပြီး ဖြေဆိုနိုင်ပါသည်။

**နောက်တက်မည့်မြို့တော်ဝန်နှင့်ပတ်သတ်သည့် သင်၏ အမြင်ကို ပြောပြရန်အတွက် အထူးလုပ်ငန်းအဖွဲ့၏ လူထုအစည်းအဝေးကို တက်ရောက်ရန် သင့်အား ဖိတ်ကြားအပ်ပါသည်:**

- ၁၆ရက် ဖွန်လ၊ သောကြာနေ့၊ နေ့လည် ၁:၀၀ - ၃:၀၀ နာရီ။ အခန်း ၁၃၀၊ စုဝေးခန်းမ၊၇၂၁ Barton Spring၊ Town Lake Center
- ၂၈ရက် ဖွန်လ၊ ဗုဒ္ဓဟူးနေ့၊ ညနေ ၆:၀၀ - ၈:၀၀ နာရီ။ မြို့တော်ခန်းမရှိ ကောင်စီအစည်းအဝေးခန်းတွင်
- ၈ရက် ဇူလိုင်လ၊ စနေနေ့၊ နေ့လည် ၁:၀၀ - ၃:၀၀ နာရီ။ မြို့တော်ခန်းမရှိ ကောင်စီအစည်းအဝေးခန်းတွင်

**မည်သည့်ဘာသာစကားနှင့်မဆို အကြံပြုလိုပါက 3-1-1 သို့ ခေါ်ဆိုဆက်သွယ်နိုင်ပါသည်။**

မြို့တော်ဝန်ရှာဖွေရေးဆိုင်ရာ အထူးအကြံပေးလုပ်ငန်းအဖွဲ့နှင့်ပတ်သတ်ပြီး ပိုမိုသိရှိလိုပါက မြို့တော်ဝန်ရှာဖွေရေးဆိုင်ရာ အထူးအကြံပေးလုပ်ငန်းအဖွဲ့၏ ဝက်ဘ်ဆိုဒ် austintexas.gov/page/city-manager-search-advisory-task-forceတွင် မေးမြန်းနိုင်ပါသည်။

လူရွေးခြင်းနှင့်ပတ်သတ်သည့် လုပ်ဆောင်ချက်အကြောင်းကို မေးမြန်းချင်သူများ(သို့)ဆုံးဖြတ်ရာတွင် ပါဝင်ချင်သူများသည် အောက်ပါတို့ကို ဆက်သွယ်နိုင်ပါသည်:

Stephen Newton | Russell Reynolds Associates | အီးမေးလ်: citymanager@russellreynolds.com